
ဒုဝိဝိဝင်
မြရည်သိရှန်းလဲ့
မျက်ဝန်းထက်ဝယ်

# အခန်း (၁)

## အပိုင်း (၁)

### (၁)

သိင်္ဂီရွှေရည်တွင် မြတ်သဇင်သည်၊ လှောင်ချိုင့်စံ ရွှေမင်းသမီးလေး တစ်ပါးနှယ် ရှိ နေပါ၏ ။

သိင်္ဂီရွှေရည် တစ်မိသားစုလုံးကို စိုးမိုးချုပ်ကိုင် ခြယ်လှယ်ထားနေသော ဘွားဘွား ဒေါ်အိန္ဒြာဦးသည်၊ သူ့တွင်ရှိသော မြေးမောင်နှမနှစ်ဦးအနက် မြေးဦးဖြစ်သော မြတ်သဇင် ကို မြေးငယ်ဖြစ်သော စည်သူဦးထက် နေရာတကာတွင် ဖိနှိပ်ချုပ်ချယ်ထား၏ ။

မြေးမိန်းကလေးမို့ ဗိုင်းကောင်းကျောက်ဖိ ဖြစ်ရမည်ဟု ပညတ်ထားချက်က ပြင်း ထန်လွန်းသဖြင့် မြတ်သဇင်ကလေးခမျာမှာ များစွာအနေကျုံ့နေသည်။ သည်ကြားထဲ ဘဘဦးဦးညို အလုပ်က နား၍ နောက်ဝင်လာသော အရွယ်ကောင်း ဒရိုင်ဘာ ခိုင်ထွန်းဆို သူ ရောက်လာသဖြင့် ကြီးမားကျယ်ဝန်းသော သိင်္ဂီရွှေရည် ခြံကြီးနှင့် သိင်္ဂီရွှေရည် ရိပ်မြုံ ကြီးတွင်၊ မြတ်သဇင် လွတ်လပ်စွာလှုပ်ရှား သွားလာနိုင်သည့်နေရာကား ကျဉ်းကျုံ့သွားရကာ အိမ်အတွင်းထဲမှာသာ ထပ်ဆင့် အနေကျုံ့နေရသည်။

"ဟွန်း….မကျေနပ်ပါဘူး…. မကျေနပ်ပါဘူး"

ပေါင်ပေါ်တွင် တင်ထားသော ခေါင်းအုံးကို လက်သီးဆုပ်ကလေးဖြင့် ထုကာ မျက် နှာမှုံမှုံကလေးဖြင့် မြောနေသည့် မြတ်သဇင်အား သိင်္ဂီရွှေရည်၏ သစ္စာခံ အိမ်ဖော်မကြီး ဒေါ်ရှင်ရှင်က အဝတ်အထည်များကို မီးပူတိုက်နေရာမှ ဖျတ်ခနဲကြည့်လိုက်သည်။

"ဘာတွေများ မကျေမနပ်တွေ ဖြစ်နေတာလဲ သဇင်လေးရယ်"

“ဘွားအိန္ဒြာ မတရားတာတွေကို မကျေနပ်တာပေါ့ ရှင်ရှင်ရဲ့....”

“ဟဲ့ ... ဟဲ့... တိုးတိုးပြောစမ်းပါ သဇင်လေးရယ်၊ ဟိုကကြားသွားမှဖြင့်...”

ဒေါ်ရှင်ရှင်သည်၊ တံခါးပေါက်ဆီသို့ အထိတ်တလန့် လှည့်ကြည့်ပြီး မြတ်သဇင်ကို ပြောလိုက်သည်။

“ရှင်ရှင်လဲ ဘွားအိန္ဒြာကို ချေးချမ်းချမ်းတုန်အောင် တစ်နေ့ တစ်နေ့ ကြောက်နေရ တာနဲ့ပဲ သေမှာပဲ”

မကျေမနပ် မျက်နှာကလေးဖြင့် စူပုပ်ပြီးပြောနေသော မိန်းမပျိုကလေးကိုကြည့်ကာ ဒေါ်ရှင်ရှင်က လေးတွဲစွာ ခေါင်းတညိတ်ညိတ် လုပ်န၏ ။

“ဘာတွေ ခေါင်းတညိတ်ညိတ် လုပ်နေတာလဲရှင်ရှင်ရဲ့၊ အသည်းယားလိုက် တာ...”

“ဟုတ်တယ်... ဘွားအိန္ဒြာကို ကြောက်တယ်၊ ခုမှမဟုတ်ဘူး၊ ဟိုးငယ်ငယ်ကလေး ကတည်းက ကြောက်ခဲ့ရတာ ၊ ခုအိုတော့ ပိုပြီး ဦးကျိုးသွားရတာ ပေါ့ကွယ်၊ သိင်္ဂီရွှေရည်မှာ ဘွားအိန္ဒြာကို မကြောက်ရတဲ့လူ ဘယ်သူရှိသလဲ သဇင်လေးရယ်”

“အောင်မယ် ... ဒီလိုမပြောပါနဲ့ မောင်လေး စည်သူကတော့ အခွင့်ထူးခံပါနော်၊ သူ့ ကျတော့ ဘွားအိန္ဒြာက တုန်နေအောင် ချစ်ပါသကောရှင်”

“မြေးနှစ်ယောက်စလုံးကို တုန်နေအောင် ချစ်တာ အတူတူပါပဲ၊ ဒါပေမယ့် သဇင် လေးက မိန်းကလေးဆိုတော့ နေရာတကာမှာ အမှားမရှိအောင် ထိန်းသိမ်း ကွပ်ကဲအုပ်ချုပ် ပေးနေတာပါကွယ် အထင်မမှားပါနဲ့”

“ဟွန်း ... တစ်ပြားတစ်ချပ်မှ အဖိုးအခမရတဲ့ ရှေ့နေကြီးနော်၊

ဒူးတွေအသားမာ တက် အရေထူးပြီး ချပ်ပြားကြီး ဖြစ်နေတာတောင် မမှတ်သေးဘူးလားဟင်”

“သဇင်ကတော့ ပြောပြီး၊ အဟင်း ... ဟင်း ... ဟင်း”

အသားမာတက်နေတာ သူ၏ ဒူးနှစ်ဖက်ကို ယောင်ယမ်း၍ စမ်းရင်း ဒေါ်ရှင်ရှင်က ရယ်နေပါ၏။

***

ဒေါ်ရှင်ရှင် ယခုတော့ ရယ်နိုင်လေပြီကိုး ....

ဟိုးတစ်ချိန်တုန်းကဆိုလျှင် ငယ်မွေးခံပေါက် ဒေါ်အိန္ဒြာဦး၏ အိမ်ဖော်ဖြစ်ခဲ့ရသော ရှင်ရှင်သည် အိမ်ကြီးရှင်၊ ဒေါ်အိန္ဒြာဦး၏ ရှေ့သို့ ဒူးမတုတ်ဘဲ ဝင်ရဲသည် မရှိခဲ့ပါ။

ကိန်းခန်းကြီးကျယ်လှသော ဒေါ်အိန္ဒြာဦးသည် သူ့ကိုယ်သူ ဘုရင်မကြီး အလား ... မှတ်ယူကာ သူ့လက်အောက် အစေအပါးဆိုလျှင် သူ့ကိုမော်မကြည့်ဝံ့လောက်အောင် ဖိနှိပ် ထားရှိခဲ့သည်။

သူ့သွေးရင်းသားရင်း မိသားစု အပေါ်တွင်လည်း ဒေါ်အိန္ဒြာဦးသည် ဩဇာညောင်း လှသူတစ်ယောက်။ သူကဖြူဆိုလျှင်ဖြူ၊ နီဆိုလျှင်နီ၊ စောဒကတက်ဝံ့ သူလည်း တစ်ဦးတစ် ယောက်မျှ မရှိ။

ကုန်ကုန် ပြောရလျှင် ဒေါ်အိန္ဒြာဦး၏ ခင်ပွန်း ကိုယ်တိုင်ပင်လျှင် ဒေါ်အိန္ဒြာဦးကို ကြောက်ရသည်ဖြစ်၍ ဒေါ်အိန္ဒြာဦးက သူ့ကိုယ်သူ ဘုရင်မကြီးတစ်ဦး ထင်မှတ်နေသည်မှာ ဆန်းမည်မဟုတ်ပါချေ။

ဒေါ်အိန္ဒြာဦး ဩဇာရှင်မကြီး တစ်ဦး ဖြစ်နေရသည့် အကြောင်းရင်းမှာ ရေနံမြေတွင် တွင်းပိုင်ကြီးများဖြစ်ကြသော ထိတ်ထိတ်ကြဲ သူကြွယ်စာရင်းဝင် မိသားစုမှ ပေါက်ဖွားလာ သည့် တစ်ဦးတည်းသော

သမီးကလျာဖြစ်သောကြောင့်ပင်တည်း။

အိမ်ထောင်ကျသည့် အခါတွင်လည်း အိမ်ထောင်ဖက် ဦးဇေယျာသည် ရိုးရိုးအအ လူအေးသမားကြီး ဖြစ်သည်မို့ ထက်သော သွက်သော ငွေကြေး အရှိန်အဝါ သူ့ထက်ကြီး မားသော ဒေါ်အိန္ဒြာဦးသည် ဗိုလ်ဖြစ်ခဲ့ရပေသည်။

ဦးဇေယျာနှင့် အကြောင်းပါပြီး ဒေါ်အိန္ဒြာဦးတွင် သမီးနှစ်ယောက်ထွန်းကားခဲ့သည်။

သမီးကြီးက အေးသီတာ၊ သမီးငယ်က ငြိမ်းငြိမ်း ဖြစ်သည်။

သမီးကြီး အေးသီတာ အရွယ်ရောက်လာသောအခါ သူမျက်စိကျသော ရေနံမျိုးရိုး သူဌေးသားကလေး မျိုးမြင့်ဆွေနှင့် သူက လက်ဆက်ပေးခဲ့သည်။

မျိုးမြင့်ဆွေနှင့် အေးသီတာတို့ထံမှ မြေးဦး သမီးမိန်းကလေး မြတ်သဇင်နှင့် မြေး သားကလေး စည်သူဦးကို ဒေါ်အိန္ဒြာဦး ရရှိခဲ့သည်။

သမီးငယ် ငြိမ်းငြိမ်း ခမျာမှာတော့ မိခင်စိတ်ကြိုက် သတို့သားကို မတွေ့သော ကြောင့် သတို့သားကို မျှော်ရင်း မျှော်ရင်း အရွယ်တော် တစိတ်ဟိုင်းကာ အပျိုကြီးဖြစ်မှန်း မသိဖြစ်သွားခဲ့ရရှာသည်။

***

ခေတ်တွေပြောင်း၊ စနစ်တွေပြောင်း၍ လက်ရှိလုပ်ငန်း မလုပ်ကိုင်နိုင်တော့သည့် အခါမျိုးဖြစ်လာသည့် အခါတွင်တော့ ဒေါ်အိန္ဒြာဦးသည် ရှိရှိသမျှအထုပ်အထည်နှင့် သူ့မိသားစုကို တစ်ခါတည်းခေါ်ဆောင်ကာ ရန်ကုန်မြို့ ကန်တော်ကြီးစောင်းတွင် ကြီးကျယ်ခမ်း နားသော အိမ်ကြီးတစ်ဆောင်ကို ဝယ်ယူကာ သိင်္ဂီရွှေရည်ဟု အမည်သတ်မှတ်ပြီး အချေချ လိုက်တော့သည်။

ဒေါ်အိန္ဒြာဦး ရန်ကုန်တွင် အခြေချဖို့ စိုင်းပြင်းနေချိန်တွင် သက်ဆိုးမရှည်ရှာသော သူ့ခင်ပွန်း ဦးဇေယျာသည် ထိုခေတ်အခါက ကုသရန်

ခက်ယဉ်းလှသော တီဘီရောဂါဖြင့် ရေနံချောင်းတွင် ကွယ်လွန်ခဲ့သည်။

ရန်ကုန်ရောက်ပြီး မကြာမီတွင် သဘော မနောကောင်းလှသော ယောက္ခထီး ဦးဖေ ယျာကို ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့သော မျိုးမြင့်ဆွေကိုပါ၊ တီဘီရောဂါစွဲကပ်နေကြောင်း သိ လာရသည်။

မျိုးမြင့်ဆွေ တီဘီရောဂါဖြစ်ချိန်တွင် အိန္ဒိယပြည်၌ တီဘီရောဂါ ကုသအောင်မြင် နေကြောင်းသိရ၍ ဒေါ်အိန္ဒြာဦးသည် ကျန်လူများအတွက်ပါ ရင်အေးရအောင် မျိုးမြင့်ဆွေ အား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ ရောဂါကို ကုသစေခဲ့သည်။

အဆုတ်တစ်ခြမ်းကို ခွဲစိတ်ဖြတ်ထုတ်၍ ကုသမှုခံယူပြီး ရန်ကုန်သို့ ရောဂါကင်းရှင်း စွာဖြင့် ပြန်ရောက်ခဲ့သော်လည်း မျိုးမြင့်ဆွေသည် အသက်လမ်းကြောင်း တိုသူတစ်ဦး ဖြစ် ဟန်တူ၏ ။ တစ်နှစ်ခွဲခန့်အကြာတွင် အူယောင်ငန်းဖျားရောဂါဖြင့် သေဆုံးသွားခဲ့ရရှာ၏ ။

ဒေါ်အိန္ဒြာဦးသည် ဘယ်သူရှိရှိ မရှိရှိ အောင်လံမလှဲဘဲ သမီးနှစ်ယောက် မြေးနှစ် ယောက် အပေါ် မိုလ်လုပ်ကာ သီဂီရွှေရီကို နိုင်နင်းအောင် အုပ်ချုပ်နိုင်ခဲ့ပါ၏ ။

ယခုဆိုလျှင် မြေးဦး မြတ်သဇင်နှင့် မြေးငယ် စည်သူဦးတို့သည် ဆယ်တန်း စာမေး ပွဲ အသီးသီး အောင်ကာ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူဖို့ပင် စောင့်ဆိုင်းနေချိန် သို့ ရောက်နေပြီဖြစ်ကြသည်။

ကလေးနှစ်ယောက် တက္ကသိုလ်တက်ချိန်နီးခါမှ အသက်အရွယ်ကြီးပြီးဖြစ်သော ယာဉ်မောင်းကြီးဦးညိုသည် အလုပ်မှ အနားယူသွား၏ ။

ဦးညိုက သူယုံကြည်စိတ်ချရသော သူနှင့် ဆွေရိပ်မကင်းသည့် ခိုင်ထွန်းကို သီဂီရွှေ ရည်တွင် လူစားထိုးလိုက်သည်။

အသက်အရွယ်ကြီးကြီး လူကြီးထဲက ယာဉ်မောင်းကို လိုချင်သော်လည်း စိတ် ကြိုက်မတွေ့၊ တွေ့ပြန်တော့လည်း ထိုသူတွေက သိင်္ဂီရွှေရည်နှင့် အလွန်စိမ်းသော မျက် နှာစိမ်းများကို မလိုလား၍ လည်းကောင်း၊ သိင်္ဂီရွှေရည်၏ ကြွယ်ဝမှုကိုလည်း အပြင် လူစိမ်း တစ်ရံစားတို့ သိမည်ကို မလိုလားပြန်သောကြောင့် လည်းကောင်း၊ နောက်ဆုံးတွင် ဦးညို လူစားထိုးပေးသော ခိုင်ထွန်းကို ဦးညိုနေရာတွင် ဒေါ်အိန္ဒြာဦး လူစားထိုးလိုက်ရတော့ သည်။

ခိုင်ထွန်းသည် အရွယ်ကောင်း ယောကျ်ားပျို တစ်ယောက်။

ခေတ်ပညာက ဆယ်တန်းထိ သင်ဖူးထားသည်။

ရုပ်ရည်ကလည်း သန့်ပြန့်၍ ကြည့်ကောင်းလှသူ တစ်ယောက် ဖြစ်သည့်အပြင် အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကလည်း ယောကျ်ားပီသသူတစ်ဦး ဖြစ်နေပါ၏ ။

ဒေါ်အိန္ဒြာဦးသည် ခိုင်ထွန်းကို အလုပ်ခန့်ပြီးသည်နှင့် သူ့အိပ်ခန်းထဲသို့ မြေးက လေး မြတ်သဇင်ကို ခေါ်ယူကာ ကြပ်မတ်သော စည်းကမ်းဥပဒေများ ထုတ်ပါတော့သည်။

သွေးမတော် သားမစပ် သူစိမ်းယောကျ်ား အိမ်မှာရှိလာပြီမို့ မြတ်သဇင်သည် အိမ် သူ အိမ်သား တစ်ဦး တစ်ယောက်မျှမပါဘဲ ခြံထဲမဆင်းရ။

ဒန်းသွားမစီးရ...။

ထိုသူစိမ်း ယောကျ်ားကို အကြောင်းကြီးငယ် မရှိဘဲ စကားပြောဆိုခြင်း မပြုရ။

စကားပြောဆိုရသည့် အခါမျိုး ကြုံကြိုက်ခဲ့လျှင်လည်း မျက်နှာထားကို အတည်ဆုံး ထား၍ လေသံ မာမာဖြင့် အထက်စီးကပုံစံမျိုး ပြောဆိုရမည်ဟူသော အဘွားဖြစ်သူထံမှ စည်းကမ်းစည်းမျဉ်းများကို ကြားရလျှင် မြတ်သဇင်သည်

ချုပ်ချယ်လာမှုကိုလည်း မကျေနပ်၊ ပြန်လှန်လည်း မပြောသာသည်မို့ သူ့အိပ်ခန်းထဲက ခုတင်ပေါ်တွင် ဆောင့်ခနဲထိုင်ချကာ ဒေါသ ထွက်မဆုံး ဖြစ်နေပါတော့သည်။

***

# အခန်း (၂)

(၂)

"သမီး .... သဇင်လေး ထမင်းစားရအောင်"

ထမင်းပွဲ အသင့်ဖြစ်ပြီမို့ မိခင်ဖြစ်သူ ဒေါ်အေးသီတာက မြတ်သဇင်၏ အခန်းထဲသို့ ဝင်လာရင်း ပြောလိုက်သည်။

မြတ်သဇင်သည် မျက်နှာလေးကို တစ်ဖက်သို့ ဆက်ခနဲလွှဲဖယ်ကာ နှုတ်ခမ်းစူထား နေ၏ ။

"အလို ... ဒါက လာဖြစ်တာလဲ ဟင် .... သဇင်လေး"

"မအေးသီတာ သမီး သူ့အဘွား အိန္ဒြာဦးကို စိတ်ကောက်နေတာ ...."

"ဟင် ...."

ဒေါ်အေးသီတာသည် နောက်ကျောဘက်ဆီသို့ အထိတ်တလန့်လန့်ဖြင့် လှည့် ကြည့်ပြီး အခန်းတံခါးကို ဆွဲပိတ်ကာ ကျောဖြင့် ဖိထားပြီး သမီးဖြစ်သူထံသို့ ကြည့်၍ ပြော လိုက်သည်။

"သမီးလေး .... ဒီလိုမပြောနဲ့လေ၊ ဘွား အိန္ဒြာသိရင် သမီးလေးထပ်အဆူခံနေရ လိမ့်မယ်"

"ထစ်ခနဲဆိုဆူ၊ ထစ်ခနဲဆို ဆူနဲ့ ဒီအိမ်မှာ နေရတာ ထက် သေရတာ ကမှ ကောင်းပါ သေးတယ်"

"ဘုရား.... ဘုရား....ဘုရား.... ဘယ်လိုပြောလိုက်တာလဲ သမီးလေးရယ်"

"မတရားလွန်းလို့ သေချင်တာပေါ့ မေမေရဲ့၊ ဘယ့်နှယ် အလုပ်သမား ယောကျ်ား တစ်ယောက် ဝင်လာတာနဲ့ သမီးကို တိုက်ပိတ်သလို ထားမယ်ဆိုတာ

တရားသလား၊ အစ ကတည်းက ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းအပြင် ခြံထဲဆင်း ဒန်းလေးစီးပြီး အပျင်းဖြေရတဲ့ အခွင့်အရေးကလေးပဲ ရှိတာ၊ ခုတော့ ကိုယ့်ခြံထဲတောင် ကိုယ် လွတ်လွတ်လပ်လပ် မ ဆင်းရဘူးဆိုတော့ တရားသေးရဲ့လား... ဟင် မေမေ၊ တရားသေးရဲ့လား.... လို့”

လက်သီးဆုပ်ကလေး နှစ်ဖက်ကို တင်းတင်း ဆုပ်၍ ဒေါသသံ ကလေးဖြင့် ပြောနေ သော သမီးကလေး၏ မျက်နှာကို ဒေါ်အေးသီးတာသည် စိတ်လက် မကောင်းလှဟန်ဖြင့် ကြည့်ရင်း ပင့်သက်ရှိုက်လိုက်သည်။

“တကတည်း လူကိုများ ဘာထင်နေသလဲ မသိဘူး၊ ယောကျ်ားမြင်ရင် ငမ်းငမ်း တက်တတ်တဲ့ အစားများ ထင်နေ သလားပဲ၊ ဒေါ်အိန္ဒြာဦးရဲ့မြေးပဲ ကိုယ်နဲ့ တူတယ်တန် တယ်ဆိုတာ ခွဲခြားပြီးသိတတ်ပါတယ်၊ ခုတော့ ဟွန့်”

“အဲဒါကို ပြောတာပေါ့၊ အဲဒါကိုပြောတာ၊ ကိုယ်ခြံထဲ ကိုယ်ဆင်းတာတောင် အဖော် ပါရမယ်လို့”

“ဩော်... သမီးလေးရယ်...”

သမီးဖြစ်သူကို နှစ်သိမ့်ဖို့ အပြေးအလွှား စကားရှာနေမိစဉ် အိမ်ခန်းအပြင်ဘက်မှ စည်သူဦး၏ ခြေသံကို ကြားလိုက်ရသည်။

“စည်သူ... လာနေပြီ....”

ဒေါ်ရှင်ရှင်က သတိပေးလိုက်သည်။

“မေမေ မမသဇင်၊ ဘွားအိန္ဒြာ ထမင်းစားပွဲကို ရောက်နေပြီ”

“ဟောကြားလား ထထ သမီးလေး၊ သမီးလေးက လိမ္မာပါတယ်ကွယ်... တော်ကြာ ဘွားအိန္ဒြာ ထပ်ဆူနေရင် မေမေလဲ စိတ်မကောင်း ဖြစ်ရဦးမယ်”

မိခင်ဖြစ်သူက လက်ဆွဲ၍ အတင်း ခေါ်နေသဖြင့် မြတ်သဇင်လည်း မျက်နှာကလေး ပုပ်သိုးသိုးဖြင့် လိုက်လာ၏ ။

“မမသဇင် ဘာဖြစ်နေတာလဲ...”

“ဘာမှ မဖြစ်ဘူး...”

စည်သူဦးက အစ်မဖြစ်သူ၏ မျက်နှာကိုကြည့်ပြီး ခေါင်းယမ်းလိုက်သည်။ မနက်က အစ်မဖြစ်သူကို ဘွားအိန္ဒြာက စည်းမျဉ်းစည်းကမ်းတွေ ထုတ်နေကြောင်း သူကြားသိခဲ့ရ ပြီး ဖြစ်သည်။ အစ်မဖြစ်သူ ကျေနပ်လိမ့်မည် မဟုတ်ကြောင်းလည်း သူသိနေ၏ ။ ထင်သည့်အတိုင်းပင် အစ်မဖြစ်သူ စိတ်ကောက်နေသည်ကို သူ ခန့်မှန်းမိလိုက်သည်။

“ဘာလဲ ဘွားအိန္ဒြာ စည်းကမ်းထုတ်တာကို မကျေနပ်လို့လားဟင် မမသဇင်”

မြတ်သဇင်သည် မောင်ဖြစ်သူကို တစ်ချက်သာ ကြည့်ပြီး နှုတ်ဆိတ်နေလိုက်သည်။

ဤသို့နှုတ်ဆိတ်ခြင်းက ဝန်ခံခြင်းပေမို့ စည်သူဦးသည်၊ အစ်မဖြစ်သူကို မျက်နှာ ထား တည်တည်ဖြင့် ကြည့်လိုက်သည်။

“ဘွားအိန္ဒြာပြောတာ ဘာလွန်လို့လဲ၊ ကိုယ့်အိမ်မှာ သူစိမ်းယောကျ်ားရှိလာရင် အ နေအထိုင် ဆင်ခြင်ရမှာပေါ့၊ ဟိုကသိရင် ပေါက်ပေါက်ဖေါက်လို့ ဆုံးမှာ မဟုတ်ဘူး၊ ကျန် တဲ့လူတွေ နားပူရဦးမယ်”

ဘွားအိန္ဒြာ၏ အရေးပေးခြင်းကို သူ့ထက် ခံယူရပြီး၊ လွတ်လပ်မှုလည်း သူ့ထက် ရနေသော မောင်ဖြစ်သူ စည်သူဦးကို မြတ်သဇင်သည်၊ မကျေနပ်သော်လည်း၊ ခွန်းတုံ့ပြန် နိုင်ခြင်းတော့ မရှိပါ။ အကြောင်းရင်းမှာမူ သူသည်လည်း၊ သိင်္ဂီရွှေရည်တွင် ဘွားအိန္ဒြာ ပြီး လျှင် ဒုတိယ ဩဇာအာဏာရှိသူ တစ်ဦးဖြစ်သောကြောင့် ပင်တည်း။

ရုပ်ဖမ်း၊ သံဖမ်းအလွန်တရာမှတော်လှသူ ဒေါ်အိန္ဒြာဦးသည်၊

မြတ်သဇင်၏ မျက်နှာ ရိပ် မျက်နှာကဲကို ဆီးကြည့်လိုက်သည်နှင့်… မြတ်သဇင် သူ့ကို မကျေမနပ် ဖြစ်နေကြောင်း ကောက်ခနဲ သိလိုက်သည်။

“မိသဇင် …. ငါ့ကို ကောက်နေတယ်၊ ကောက်ပစေ ကောက်ပစေ ဒင်းလေး ကောင်းစားရေးအတွက် ငါကပြိတ္တာမကြီး လုပ်နေရတာ ၊ ဒင်းလေးကို အလျှော့မပေးနိုင် ပေါင်၊ ဘယ်လောက် ကောက်နိုင်မလဲ စောင့်ကြည့်ကြသေးတာပေ့ါအေ”

ယခင်က အသံစာစာကလေးနှင့် သာလိကာမလေးလို စကားပြောဆိုတတ်ပြီး ပွဲ စည်အောင်လုပ်တတ်သော မြတ်သဇင်တစ်ယောက် နှုတ်ဆိတ်၍ တေမိမင်းသားအသွင် ဆောင်နေသဖြင့် သည်နေ့ထမင်းပွဲသည် ပျင်းရိခြောက်သွေ့ဖွယ်ရာ အသွင်ဖြင့် ပြီးဆုံးသွား ခဲ့ရသည်။

ထမင်းစားပြီးလျှင် မြတ်သဇင်သည် စားကြည့်ခန်းသို့ဝင်ကာ စားရေးဆရာ တက္က သိုလ်ဘုန်းနိုင်၏ ဝတ္ထုသုံးအုပ်ကို စာအုပ်စင်မှဆွဲယူ၍ သူ့အိပ်ခန်းဆီသို့ ပြန်ခဲ့သည်။

မျက်စိကညောင်း ဝတ္ထုကိုဖတ်ပြီးနောက်တွင် သူသည် တစ်ဝကြီး အိပ်စက်ပစ် လိုက်သည်။

ဤသို့နှယ် မြတ်သဇင်သည် ပျင်းရိခြောက်သွေ့ဖွယ်ရာ ကောင်းလှသော နေ့ရက် ပေါင်းများစွာကို ဖြတ်သန်းနေခဲ့ရပါ၏ ။

***

“ဥသြ…. ဥသြ…. ဥသြ….”

ဥသြငှက်ကလေး၏ သံသာက သိင်္ဂီရွှေရည်ခြံကြီးထဲတွင် ကြည်နူးဆွတ်ပျံ့စွာ ထွက်ပေါ်လာသည်။

မြတ်သဇင်သည်၊ အသံလာရာဆီသို့နားစွင့်၍ အိမ်ထဲက

ပြူတင်းပေါက်တွေ၊ တစ် ပေါက်ပြီး တစ်ပေါက်ဆီသို့ သွားကာ၊ ဥသြငှက်ကလေးကို ရှာဖွေကြည့်နေစဉ် အိမ်ခေါင်း ရင်းဘက် ပိတောက်ပင်ကြီးပေါ်မှ အသံပေးနေသည်ကို တွေ့လိုက်ရသည်။

သူသည်၊ ဥသြငှက်ကလေးကို မျက်ဝါးထင်ထင် တွေ့ရလို တွေ့ငြား ရှာဖွေကြည့် ရင်းက ပိတောက်ပင်ကြီး တစ်ပင်လုံးတွင် မြရည်စိမ်း၍ စိမ်းစိုနေသော ပိတောက်ဖူးများကို တွေ့မြင်လိုက်ရသည်။

ထခုန်ချင်လောက်အောင် မြတ်သဇင်တစ်ယောက် ဝမ်းသာ သွားမိသည်။

"ဟယ်... ကြည့်စမ်း၊ ပိတောက်ဖူးကြီးတွေ ပင်လုံးကို ညွတ်နတာပါပဲလား၊ ဒီနှစ်အ တာမှာ သူညွတ်နေအောင် ပွင့်တော့မယ်၊ ပျော်စရာကောင်းလိုက်တာ"

ပြူတင်းပေါက် ခန်းဆီးကလေးကို လက်ဖြင့်သိမ်း၍ ရင်မှာပွေ့ပိုက်ထားကာ ပိ တောက်ပင်ကြီး၏ အလှတွင် မြတ်သဇင်တစ်ယောက် ကြည်နူးမိန်းမောနေမိ၏ ။

ထိုစဉ် သစ်ကိုင်းခြောက်ကို ချွတ်ခနဲနင်းသံက ပိတောက်ပင် အောက်မှ ထွက်ပေါ် လာသည်။

မြတ်သဇင်က အပင်အောက်သို့ ကြည့်လိုက်သည်တွင် အပင်ပေါ်ကို မော့ကြည့် မော့ကြည့်နှင့် သူ့လိုပဲ တွန့်မြည်ရင့်ကျူးနေသော ဥသြငှက်ကလေးကို ရှာဖွေနေဟန်ရှိ သည့် ခိုင်ထွန်းကို တွေ့မြင်လိုက်ရသည်။

မမျှော်လင့်ဘဲ ခိုင်ထွန်းနှင့် သူမျက်လုံးချင်းလည်း ဆုံမိသွားကြ၏ ။

"အို..."

မြတ်သဇင်သည် ဖျက်ခနဲလက်ထဲက ခန်းဆီးကို လွှတ်ချကာ၊ သူ့ကိုယ်သူ အိမ်ထရံ တွင် ကပ်ထားလိုက်သည်။

အကြည့်ချင်းဆုံ၍ ရင်ခုန်ရသော ခံစားချက်သည် သူ့တစ်ကိုယ်လုံးကိုပင် သိမ့်သိမ့် တုန်နေစေသလားဟု မြတ်သဇင် ထင်မိသွားရပါ၏ ။

မြတ်သဇင်သည်၊ သူ့ပတ်ဝန်းကျင်က လူရိပ်လူခြည်ကို လေ့လာပြီး ကင်းရှင်းနေ သည်မို့.... မရဲတရဲကလေး အခန်းဆီးကြားမှ လပ်နေသောနေရာမှ အောက်သို့ ငုံ့ကြည့်မိ လိုက်သည်တွင်၊ ပိတောက်ရိပ်အောက်မှာ ရပ်နေဆဲဖြစ်သော ခိုင်ထွန်းကို တွေ့ရပြန် သည်။

ဒုတိယအကြိမ် မျက်လုံးချင်း ဆုံမိသည့်အခါတွင် ခိုင်ထွန်းထံမှ ခင်မင်းရင်းနှီးသော အပြုံးပန်း တစ်ပွင့်ကို မြတ်သဇင်၏ အသည်းနုနုကလေးတွင် စွဲနေအောင်ဆင်မြန်း လိုက်ရ တော့သည်။

"အို...."

မြတ်သဇင်သည်၊ အာမေဋိတ်သံကလေး ပြုလိုက်မိကာ သူ့ကိုယ်ကလေးကို ပြန် ကွယ်လျက် ရွှေရင်အစုံထက်ဝယ် လက်ကလေးနှစ်ဖက်ကိုယှက်၍ ဖိထားနေ၏ ။

သူ၏ အသည်းနှလုံးတွင် တုန်ခါနေမှုသည်၊ တစ်သက်တွင် သည်တစ်ကြိမ်သာ ခံစားရဖူးသော အတွေ့အကြုံအဖြစ် ဆန်းသစ်နေပါ၏ ။

တစ်ဦးတစ်ယောက်၏ ခြေသံ တစ်သံ သူ့နားအတွင်းသို့၊ ပီပီပြင်ပြင်ဝင်လာသံကို ကြားရသည့်အခါတွင် မြတ်သဇင်သည်၊ သူရပ်နေသော ခေါင်းရင်းခန်းမှ လှစ်ခနဲ စင်္ကြံဆီ သို့ကူးခဲ့ပြီး သူ့အိမ်ခန်းဆီသို့ လျှင်မြန်စွာ ပြန်ပြေးခဲ့တော့သည်။

အိမ်ခန်းထဲသို့ရောက်လျှင် မီရာစာအုပ်တစ်အုပ်ကို စားပွဲပေါ်မှ လှမ်းယူပြီး ခုတင် ပေါ်သို့ သူ့ကိုယ်ကလေးကို ကန့်လန့်ဖြတ် ပစ်လှဲချလိုက်ကာ နေလိုက်သည်။

သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ကို ကိုင်ထားနေသည်။

စာအုပ်ကိုလည်း သူ့မျက်လုံးအစုံက ကြည့်နေပါ၏ ။

သို့သော်… စာအုပ်ပါ အကြောင်းအရာများကို သူဖတ်နေခြင်း မဟုတ် …

သူ့မျက်စိထဲတွင် စာအုပ်တွင်ပါရှိသော စာသားများကို မမြင်တွေ့ဘဲ နှစ်လိုဖွယ်ရာ အပြုံးမျက်နှာကိုသာ တွေ့မြင်နေပါ၏ ။

“ဟဲသမီး… စာအုပ်ကြီး ပြောင်းပြန်ကိုင်ပြီး ဘာလုပ်နေတာလဲ”

လက်ထဲတွင် အကျႌတစ်ထည်ကိုကိုင်၍ သမီးမြတ်သဇင်၏ အိပ်ခန်းထဲသို့ ဝင်လာ သော ဒေါ်အေးသီတာသည်၊ လက်တွင်စာအုပ်ပြောင်းပြန်ကိုင်၍ ကြည့်နေသော သမီးဖြစ် သူကို တွေ့ရသည်။

မြတ်သဇင် လူလဲထပြီး မိခင်ဖြစ်သူ၏ မျက်နှာကို တစ်ချက်ကြည့်ကာ လက်ထဲက စာအုပ်ကို ကြည့်လိုက်သည်။

“ဟာ… သမီးက ဒီစာအုပ်ထဲမှာပါတဲ့ ကကြီးအက္ခရာကို ပြောင်းပြန် လှန်ကြည့်ပြီး စဉ်းစား ကြည့်နေတာပါ မေမေ”

အဖြေတစ်ခုကို မိခင်ဖြစ်သူအား မြတ်သဇင်က ပေးလိုက်ပါသည်။

“ဆိုပါဦး ကကြီး အက္ခရာကို ပြောင်းပြန် လှန်ကြည့်တော့ ဘာဖြစ်သလဲ သမီး”

ဒေါ်အေးသီတာသည် သမီး ဖြစ်သူ၏ နံဘေးတွင် အသာထိုင်ချရင်း မေးလာပြန်ပါ ၏ ။

“အဟင်း…. ကကြီးက ယပက်လက် ဖြစ်သွားတယ်လေ မေမေရဲ့”

“မြတ်စွာဘုရား… ငါ့သမီးလေး စိတ်မှ နှံ့ပါသေးရဲ့လား”

ဒေါ်အေးသီးတာသည် သမီးဖြစ်သူ၏ မျက်နှာကို စိုးရိမ်စိတ်များဖြင့်

ကြည့်နေ၏။

"အဟင်း... ဟင်း....ဟင်း.... သမီးစိတ်နှံ့ပါတယ်၊ ကကြီးအက္ခရာကို ပြောင်းပြန်လှန် လိုက်ရင် ယပက်လက်ဖြစ်သွားတော့ အဓိပ္ပာယ်ချင်းကလဲ ဘာမှ မဆိုင်တော့ဘူးလေ၊ ဒါကို ပြောတာ၊ မဟုတ်ဘူးလား မေမေ၊ သမီးပြောတာ"

"အရူးမလေး.... အားရင် စာချည်း နင်းနင်း ဖတ်ပြီး ကြောင်သွားလိမ့်မယ်၊ ထစမ်း... ဒီအကျႌဝတ်ကြည့် တော်လားလို့"

မြတ်သဇင်သည် အသံလွင်ကလေးဖြင့် ရယ်မောရင်း၊ မိခင်ဖြစ်သူ ချုပ်၍ ပြီးစီးလာ သော သူ့အကျႌကလေးကို သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်လိုက်ပြီး ဘဲဥပုံ ကိုယ်လုံးပေါ် မှန် ကြီးရှေ့တွင် သွားရပ်လိုက်သည်။

"အကျႌလေးက လှလိုက်တာ၊ မေမေက သိပ်တော်တာပဲ"

သူ့လက်ဖြစ် အကျႌကလေးကို သမီးဖြစ်သူက နှစ်ခြိုက်သွားသဖြင့် ဒေါ်အေးသီတာ မှာ ကြည်နူး ကျေနပ်မဆုံး ဖြစ်သွားရသည်။

သူ့ဘဝတွင် ကြင်နာသူခင်ပွန်းသည် ဆုံးပါးသွားပြီးနောက်တွင် သည်ရင်နှစ်သည်း ချာ သမီးနှင့်သားသည်သာလျှင် နေနှင့်လ ပမာ ထွန်းလင်းလျက် ရှိကြသည် မဟုတ်ပါ လား။

"မေမေ"

မြတ်သဇင်က သူ့ကိုယ်ပေါ်မှ အကျႌကလေးကို ချွတ်၍ မိခင်ဖြစ်သူအား ခေါ်လိုက် သည်။

"ဘာလဲ သမီး"

"ဘာလိုလိုနဲ့ အတာကူးတော့မယ်နော်"

"ဟုတ်တယ် သမီး"

"အိမ်ခေါင်းရင်းက ပိတောက်ပင်ကြီး ဖူးနေလိုက်တာ ခဲနေတာပဲ မေမေ"

"ဟင်…. ဟုတ်လား၊ မေမေတောင် သတိမထားမိလိုက်ဘူးကွယ်"

"ဟုတ်တယ် မေမေရဲ့၊ ဒီနှစ်ပွင့်ရင်တော့ ပင်လုံးကို ညွတ်နေတော့မှာ"

"ဒါဆို မေမေ့ သမီးကလေးအကြိုက်ပေါ့"

ဒေါ်အေးသီတာသည် သမီးဖြစ်သူ၏ ခါးကျဉ်ကျဉ်ကလေးကို လှမ်းဖက်ကာထား ရင်း ပြောလိုက်သည်။

မိခင်၏ လည်ပင်းကို ပြန်ဖက်၍ အသံကြည်ကြည်လွင်လွင်ကလေးဖြင့် မြတ်သဇင် ရယ်နေ၏ ။

"အတာကူးပြီး မကြာခင်မှာ သမီးလေးနဲ့ သမီးမောင်လေး တက္ကသိုလ်တက်ကြရ တော့မယ့်"

"ဟုတ်တယ် မေမေ၊ တက္ကသိုလ်ကြီး မြန်မြန်ဖွင့်ပါစေလို့ သမီးနေ့တိုင်း ဆုတောင်း နေမိတာ၊ ခုတော့ တဖြည်းဖြည်းနဲ့ ဖွင့်ချိန်နီးလာနေပြီ"

"ကျောင်းတက်ရမှာ သမီးလေး သိပ်ပျော်နေသလား ဟင်"

"အရမ်းပျော်ပါတယ် မေမေ"

"အေး… မေမေကလဲ မေမေ့ သမီးကလေး ကျောင်းတက်ရင် လှလှပပဝတ်စားဖို့ အဝတ်အစား ကလေးတွေကို အချိန်အားတိုင်း ချုပ်နေတာ"

"ဒါကြောင့် မေမေ့ကို သိပ်ချစ်ရတာ "

မြတ်သဇင်သည် မိခင်ဖြစ်သူ၏ နဖူးကို သူ့ပါး နုနုကလေးဖြင့် ဖိကပ်ထားလိုက် သည်။

သမီးနှင့် အမေ ကြည်ကြည်နူးနူးရှိနေရာသို့

ဒေါ်ငြိမ်းငြိမ်းရောက်လာသည်။

“အောင်မယ် သားအမိ နှစ်ယောက် အချစ်နာလန်ထနေကြပါလား”

“မေမေက သဇင်ကျောင်းတက်ရင် ဝတ်ဖို့ အကျႌချုပ်ပေးလို့ ချစ်နေတာ ဒေါ်လေး ငြိမ်းရဲ့”

“ဒေါ်လေးငြိမ်းကလဲ သဇင်လေးအတွက် အကျႌစတွေ ထဘီစတွေ ဝယ်ထားပါ သေးတယ်နော်”

“ဟင်... ဟုတ်လား.... ဘယ်တုန်းက ဝယ်ထားတာလဲ ဟင်၊ ဒေါ်လေးငြိမ်”

“မနေ့ကလေ.... ဈေးဝယ်ထွက်ရင်း သဇင်လေးနဲ့ လိုက်တဲ့ အဆင်ကလေးတွေ တွေ့လို့ ဝယ်လာတာပေ့ါ”

“ဟာ.... ပွတာပဲ”

“တိုးတိုး.... တိုးတိုး... စက်ပေါ်က အဝတ်တစ်ထပ်တောင် ချုပ်လို့ မကုန်သေးဘူး၊ မေမေ ကြားသွားလို့ ဟုတ်ပေ့ ဖြစ်နေဦးမယ်”

မြတ်သဇင် ပခုံးကလေးနှစ်ဖက် ကျုံ့ကာ ဇက်ကလေး ပုသွား၏။

အမေနှင့်အဒေါ် ဖြစ်သူ၏ အလိုလိုက် အကြိုက်ပေးဆောင်မှုကလေးများသာလျှင် မြတ်သဇင်အတွက် ကြည်နူးနှစ်သိမ့်စရာ ဖြစ်ရသည်မို့ သည်အမေနှင့် သည်အဒေါ်ကို မြတ် သဇင်တုန်နေအောင် ချစ်နေရပါ၏ ။

***